# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
## (၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဒေါ်နန့်အေးအေးကြည်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များရှင်။ ယခုအချိန်မှစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီရှင်။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီရှင်။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့် အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၄.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး အနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း ခွင့် ၂ ရက်၊

(၂) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ခွင့် ၂ ရက်၊

(၃) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

မူကြမ်း

(၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးကိုကို ခွင့် ၂ ရက်၊

(၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်နှင့်

(၈) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၆၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ကိုရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၃-၁၁-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေ

ပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာတင်သွင်းရန်အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့၊ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာကျင့်စဉ်များ၊ စံနှုန်းသတ်မှတ်ချက်များပြောင်းလဲလာသော လုပ်ငန်းခွင်အနေအထားများနှင့်အညီ အလုပ်သမားတို့အား လက်တွေ့ကျပြီး ထိရောက်သည့် ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်လာစေရန် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့်

ပြင်ဆင်ရန်တင်ပြချက် အမှတ်စဉ်(က)မှ (ဒ)အထိရှိပြီး ဖြန့်ဝေထားတဲ့ဇယားရဲ့ စာမျက်နှာ ၂ မှ ၅ အထိ ပါရှိပြီးဖြစ်တဲ့အတွက် အဆိုပါပြင်ဆင်ချက်များအား ဖတ်ကြားခြင်းမပြုသည်ကို ခွင့်လွှတ်ပေးနိုင်ပါရန် ဒုတိယဥက္ကဋ္ဌကြီးအား လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

၄။ သို့ဖြစ်ပါ၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့၊ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာကျင့်စဉ်များ၊ စံနှုန်း သတ်မှတ်ချက်များပြောင်းလဲလာသော လုပ်ငန်းခွင်အနေအထားများနှင့်အညီ အလုပ်သမားတို့အား လက်တွေ့ကျပြီး ထိရောက်သည့် ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ထုတ် လုပ်မှုတိုးတက်လာစေရန် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၆-၁၂-၂၀၁၅ ရက်နေ့တွင် တောင်သူ လယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ ကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၃၉ ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၂၉) ချက်ကို သဘောတူလက်ခံပါသည်။

(ဂ) အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၈ ခြေဆင်း၊ အပိုဒ် ၉ ခြေဆင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၃၇ ခြေဆင်းတို့တွင် ပါရှိသော တွင် စကားရပ်များကို ပယ်ဖျက်ပါသည်။

(ဃ) အပိုဒ် ၃ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (စ)၊ အပိုဒ် ၈ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (က)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ (က)၊ (ခ)၊ အပိုဒ် ၃၄ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (င)၊ (စ)၊ (ဆ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဇ)တို့ရှိ ၌ စကားရပ်များကို တွင် ဟု အသီးသီး ပြင်ဆင်ပါသည်။

(င) အပိုဒ် ၃ အပိုဒ်ခွဲ (ဆ) ရှိ ပုဒ်မ (၃) ကို အလုပ်ရုံ ဆိုသည်မှာ အလုပ်သမား၅ ဦးနှင့်အထက် အလုပ် လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လ အတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင် ပြုလုပ်မှု လုပ်ငန်းစဉ် အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်း တစ်ခုခုတွင်၊ အားအကူအညီဖြင့် လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဆောက် အအုံ တစ်ခုခုနှင့်တကွ ဥပစာကိုပါ ဆိုလိုပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် သို့မဟုတ် လွန်ခဲ့သည့် ၁၂ လ အတွင်း မည်သည့်ရက်တွင်မဆို အလုပ်လုပ်ကိုင်နေခဲ့သည့်အပြင်၊ ပြုလုပ်မှုလုပ်ငန်းစဉ်အတိုင်း ဆောင်ရွက်သော အစိတ်အပိုင်း တစ်ခုခုတွင်၊ အား အကူအညီမရှိဘဲ လုပ်ကိုင်နေသည့် သို့မဟုတ် သာမန်အားဖြင့် ယင်းသို့ လုပ်ကိုင်သည့် အဆောက်အအုံတစ်ခုခုနှင့်တကွ ဥပစာလည်းပါဝင်သည်။ ထို့ပြင် အလုပ်သမားတစ်ဦးနှင့်အထက် အလုပ်လုပ်ကိုင်သည့် မော်တော်ယာဉ် ပြင်ဆင်ရာဌာန၊ မော်တော်ယာဉ်ဆေးသုတ်ရာဌာန၊ စာပုံနှိပ်ဌာနနှင့် ဆီကြိတ်ဌာနများ ပါဝင်သည့်အပြင် လိုအပ်ပါက အခြားအလုပ်ဌာနများကိုလည်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှု

ဖူလုံရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။ သို့ရာတွင် မြန်မာ့သတ္တုတွင်း ဥပဒေနှင့်သက်ဆိုင်သည့် သတ္တုတွင်း မပါဝင်ဟု ပြင်ဆင်ပါသည်။

(စ) အပိုဒ် ၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၆။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော အင်စပက်တော်ချုပ်ထံသို့ စာပို့တိုက်မှ ရီစစ္စတြီပြု၍ပေးပို့ရာ၊ ယင်းသို့ ပေးပို့သည့် နေ့မှ သုံးလအတွင်း လျှောက်ထားသူထံသို့ အမိန့်စာမပေးပို့လျှင်၊ ထိုလျှောက်လွှာတွင် လျှောက်ထားတောင်းဆိုသည့် ခွင့်ပြုချက်ကို ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည် ဆိုသည့် စကားရပ်ကို အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ဖြစ်စေ၊ အခြားသင့်တော်သော နည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရာတွင် အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခွင့်ပြုခြင်း သို့မဟုတ် အကြောင်းပြချက်ဖော်ပြ၍ ငြင်းပယ်ခြင်းပြုရမည်။

(ဆ) အပိုဒ် ၉ အပိုဒ်ခွဲ (ခ) တွင် ပါရှိသော ၌ စကားရပ်ကို တွင် ဟုလည်းကောင်း၊ ပြည်ထောင်စု နယ်မြေကောင်စီ စကားရပ်ကို နေပြည်တော်ကောင်စီ ဟုလည်းကောင်း အသီးသီး ပြင်ဆင် ပါသည်။

(ဇ) အပိုဒ် ၁၁ ရှိ တွင် စကားရပ်ကို ပယ်ဖျက်ပြီး၊ ၌ စကားရပ်ကို တွင် ဟု ပြင်ဆင်ပါသည်။

(ဈ) အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက်ဖြစ်သော အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ ကို အပိုဒ် ၁၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ် ခြေဆင်းရှိ တွင် စကားရပ်ကို ပယ်ဖျက်၍ လည်းကောင်း၊ အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက် ဖြစ် သော အဆိုပြုပြင်ဆင်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) တို့ကို အပိုဒ် ၁၂ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) အဖြစ် သီးသီး ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲများရှိ ၌ စကားရပ်ကို တွင် ဟု အသီးသီး ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၁၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(၂) ၏ နောက်တွင် ပုဒ်မခွဲ(၃) နှင့် ပုဒ်မခွဲ (၄) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**မူကြမ်း**

(၃) အမျိုးသမီးအလုပ်သမားများအား မိန်းမသဘာဝ ဓမ္မတာလာစဉ် အချိန်မျိုးတွင် လုပ်ငန်းခွင်၌ ကျန်းမာရေးအရ လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း မှတ်ပုံတင်ဆရာဝန်၏ ဆေးထောက်ခံချက်နှင့်တကွ တင်ပြလာပါက လုပ်ငန်းပိုင်ရှင်က သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးရမည်။

(၄) ကိုယ်ဝန်ဆောင် အမျိုးသမီး အလုပ်သမားများအား ညအချိန်တွင် စေခိုင်းခြင်းမပြုရ။ ထို့ပြင် မူလလုပ်ခလစာနှင့် ခံစားခွင့်များကို မထိခိုက်စေဘဲ ပေါ့ပါးသော တာဝန်များကိုသာ စေခိုင်းရမည်။

( ဍ) အပိုဒ် ၁၇ ကို အပိုဒ် ၁၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ နိုင်ငံတော် သမ္မတ စကားရပ်ကို နိုင်ငံတော် သမတ ဟု ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၁၉ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ အငယ်ဆုံး အကျယ်အဝန်း မည်မျှရှိရမည်ကို စကားရပ်ကို အနည်းဆုံး အကျယ်အဝန်း သတ်မှတ်ချက်ကို ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၂၄ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ၆ နှစ် စကားရပ်များကို ငါး နှစ် ဟု အသီးသီး ပြင်ဆင်ပါသည်။

( ဎ) အပိုဒ် ၂၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၇။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မခွဲငယ်စိတ် (ကက) ကို အောက်ပါ အတိုင်းအစားထိုးရမည် -

(ကက) ရက်သတ္တပတ် အလုပ် ပိတ်ရက်များ၌ လုပ်ငန်း လိုအပ်ချက်အရ အလုပ်လုပ်စေရန် လိုအပ်ပါက အလုပ်သမား၏ သဘောတူညီချက်ဖြင့်လုပ်ငန်းပိုင်ရှင်သို့မဟုတ် မန်နေဂျာသည် အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန သို့မဟုတ် ယင်းဦးစီးဌာနက လွှဲအပ်ထားသည့် စစ်ဆေးရေး အရာရှိထံသို့ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အနည်းဆုံး သုံးရက်ကြိုတင်၍ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ လုပ်ကိုင်စေရမည်။ ထို့ပြင်

(ဏ) အပိုဒ် ၃၀ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၀။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၇၅ ၏နောက်တွင် ပုဒ်မ ၇၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၇၅-က။ မည်သည့် လူငယ်ကိုမျှ ဘေးအန္တရာယ် ရှိစေသော၊ ကျန်းမာရေး ထိခိုက်စေသော၊ ပညာသင်ကြားနိုင်သည့် အခွင့်အရေးကို အနှောင့် အယှက် ဖြစ်စေသော၊ စာရိတ္တနှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသောနည်းလမ်းများဖြင့် အလုပ်ခိုင်းစေခြင်းမပြုရ။

(တ) အပိုဒ် ၃၃ ကို အပိုဒ် ၃၄ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ၆ နာရီ စကားရပ်များကို ခြောက် နာရီ ဟု အသီးသီး ပြင်ဆင်ပါသည်။

(ထ) အမျိုးသားလွှတ်တော်၏ ပယ်ဖျက်ချက်ဖြစ်သော အဆိုပြုပြင်ဆင်ချက် အပိုဒ် ၃၇ နှင့် ၃၈ တို့ကို အပိုဒ် ၃၅ နှင့် ၃၆ တို့အဖြစ် အသီးသီး ပြင်ဆင်ပြီး၊ ယင်းတို့အပိုဒ်ရှိ ၌ စကားရပ် များကို တွင် ဟု ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၃၄အပိုဒ်ခွဲ (ဃ) ကို အပိုဒ် ၃၇ အပိုဒ်ခွဲ (ဃ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ကျပ်သိန်းနှစ်ဆယ်တိတိ ငွေဒဏ်ကိုဖြစ်စေ စကားရပ်ကို ကျပ်သိန်းနှစ်ဆယ် အောက် မနည်းသောငွေဒဏ်ကိုဖြစ်စေ ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၁၉၅၁ ခုနှစ်၊ အလုပ်ရုံ များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေး လိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလို

သူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျ ဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေး ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော အခကြေးငွေပေးရေး ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော အခကြေးငွေပေးရေးဥပဒေကြမ်းကို ၂၃-၁၁-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ် များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးစိုးရယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီးပေးပို့လာသော အခကြေးငွေပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၂၁-၁၁-၂၀၁၅ ရက်စွဲဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ ရထိုက်ခွင့်ရှိသည့် အခကြေးငွေများ အပြည့်အဝရရှိရေး၊ အခကြေးငွေ အချိန်မှန် ရရှိစေရေးနှင့် အလုပ်ရှင်က အလုပ်သမားများ၏ အခကြေးငွေများထဲမှ တရားမဝင် နုတ်ယူ

ဖြတ်တောက်မှု မရှိစေရေးအတွက် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၁၂-၂၀၁၅ ရက်နေ့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) ခန်း နှင့် အပိုဒ်ပေါင်း ၃၂ပိုဒ် ရှိပါတယ်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၂၆) ချက်ကိုသဘောတူလက်ခံခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသည့် အစီရင်ခံစာပါ စာမျက်နှာ ၂ မှ စာမျက်နှာ ၆ အထိ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်များကို ဖတ်ကြားတင်ပြခြင်း မပြုတော့ပါကြောင်းနှင့် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ စာမျက်နှာ ၆ မှ အပိုဒ် ၄ ကို ဆက်လက်ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ အခကြေးငွေပေးရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။]

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော အခကြေးငွေ ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော အခကြေးငွေပေးရေး ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၀-၁၁-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက အခကြေးငွေပေးရေး ဥပဒေကြမ်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝှမ်းလုံးတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမားများ ရထိုက်ခွင့်ရှိသည့် အခကြေးငွေများ အပြည့်အဝရရှိရေး၊ အခကြေးငွေ အချိန်မှန် ရရှိစေရေးနှင့် အလုပ်ရှင်က အလုပ်သမားများ၏ အခကြေးငွေများထဲမှ တရားမဝင် နုတ်ယူဖြတ်တောက်မှု မရှိစေရေးအတွက် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ရည်ရွယ်၍ရေးဆွဲ တင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၈-၁၂-၂၀၁၅ ရက်နေ့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) ခန်း နှင့် အပိုဒ်ပေါင်း ၃၂ ပိုဒ် ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၂၆) ချက်ကို သဘောတူလက်ခံပါသည်။

(၃) အခန်း (၂)၊ အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ရှိ ပုဒ်မခွဲ (က) အရ စကားရပ်ကို ပယ်ဖျက်ပြီး၊ အပိုဒ် ၃ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၁) ရှိ ပေးရန်ရှိပါက စကားရပ်ကို ပေးချေရန်ရှိပါက ဟု

လည်းကောင်း၊ ပေးနိုင်သည် စကားရပ်ကို ပေးချေးနိုင်သည် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) အပိုဒ်ခွဲငယ် (၂) ရှိ ပေးနိုင်သည် စကားရပ်ကို ပေးချေနိုင်သည် ဟုလည်းကောင်း၊ ပေးခြင်းသည် စကားရပ်ကို ပေးချေခြင်းသည် ဟုလည်းကောင်း၊ ပေးသည့် တန်ဖိုး စကားရပ်ကို ပေးချေသည့်တန်းဖိုး ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၅) အမျိုးသားလွှတ်တော်မှ ပယ်ဖျက်သော အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၆) အပိုဒ် ၄ အပိုဒ်ခွဲ (ခ) ရှိ အခကြေးငွေပေးရန် စကားရပ်ကို အခကြေးငွေပေးချေရန် ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) ရှိ ထိုသို့ ပေးရာတွင် စကားရပ်ကို ထိုသို့ ပေးချေရာ တွင် ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၄ အပိုဒ်ခွဲ (ဂ) အပိုဒ်ခွဲငယ် (၂) ရှိ (၅) ရက် စကားရပ်ကို ငါးရက် ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၄ အပိုဒ်ခွဲ (ဃ) ရှိ (၂) ရက်အတွင်း ပေးရမည် စကားရပ်ကို နှစ်ရက်အတွင်း ပေးချေရမည် ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၄ အပိုဒ်ခွဲ (င) ကို အလုပ်သမားက အလုပ်ရှင်ထံ ကြိုတင် အကြောင်းကြားစာ ပေးပို့၍ မိမိဆန္ဒအရ အလုပ်မှ နုတ်ထွက်ပါက အခကြေးငွေ ပေးချေရန် ကာလ အပိုင်းအခြား ကုန်ဆုံးသည့်နေ့တွင် ပေးချေရမည် ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၄ အပိုဒ်ခွဲ (စ) ရှိ ၂ ရက်အတွင်း စကားရပ်ကို နှစ်ရက်အတွင်း ဟုလည်းကောင်း၊ ပေးရမည် စကားရပ်ကို ပေးချေးရမည်ဟုလည်းကောင်း ပြင်ဆင် ပါသည်။

(၁၂) အပိုဒ် ၄ အပိုဒ်ခွဲ (ဆ) ရှိ ပေးရမည် စကားရပ်ကို ပေးချေးရမည် ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၆ ရှိ ရွှေ့ဆိုင်း၍ ပေးရန် စကားရပ်ကို ရွှေ့ဆိုင်း ပေးချေရန် ဟု ပြင်ဆင်ပါသည်။

(၁၄) အခန်း (၃)၊ အပိုဒ် ၇ အပိုဒ်ခွဲ (ဂ) ကို အလုပ်သမား၏ တောင်းဆိုချက်အရ ကြိုတင်ထုတ်ပေးငွေ၊ စိုက်ထုတ်ပေးငွေ၊ အလုပ်သမားအတွက်စုငွေ သို့မဟုတ် ဥပဒေအရ ထည့်ဝင် ကြေးငွေ တစ်ရပ်ရပ်ကို အခကြေးငွေမှ နုတ်ယူ ဖြတ်တောက်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၈ ကို အလုပ်ရှင်သည် ပုဒ်မ ၇ နှင့် ပုဒ်မ ၁၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခကြေးငွေမှ နုတ်ယူ ဖြတ်တောက်ခြင်းမှအပ မည်သည့် ကိစ္စအတွက်မျှ နုတ်ယူ ဖြတ်တောက်ခြင်း မပြုရ ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၁၀ အပိုဒ်ခွဲ (ဆ) ရှိ မြို့နယ် ညှိနှိုင်း ဖျန်ဖြေရေးအဖွဲ့ စကားရပ်၏ ရှေ့တွင် ဥပဒေအရ ဖွဲ့စည်းထားသည့် စကားရပ်ကို ဖြည့်စွက်ပါသည်။

(၁၇) အပိုဒ် ၁၂ အပိုဒ်ခွဲ (ခ) ရှိ ၆ လ အတွင်း ဦးစီးဌာန၊ ခရိုင်အဆင့် စစ်ဆေးရေး အရာရှိထံသို့ စကားရပ်ကို ခြောက်လအတွင်း စစ်ဆေးရေး အရာရှိထံသို့ ဟု ပြင်ဆင် ပါသည်။

(၁၈) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (က) ရှိ ဦးစီးဌာန၊ ခရိုင်အဆင့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၁၉) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ) ရှိ ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၀) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (ဂ) ရှိ ဦးစီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၁) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (ဃ) နှင့် (င) တို့ကို ပယ်ဖျက်ပါသည်။

(၂၂) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၃ အပိုဒ်ခွဲ (စ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၃။ (ဃ) စစ်ဆေးရေးအရာရှိချုပ်က ချမှတ်သည့် အမိန့်သည် အပြီးအပြတ် ဖြစ်သည်။

(၂၃) အခန်း (၄)၊ အပိုဒ် ၁၄ ရှိ တည်ဆဲ စကားရပ်ကို ပယ်ဖက်ပါသည်။

(၂၄) အခန်း (၅)၊ အပိုဒ် ၁၇ နှင့် အပိုဒ် ၁၈ ခြေဆင်းတို့ရှိ စစ်ဆေးရေးအရာရှိများသည် စကားရပ်ကို စစ်ဆေးရေး အရာရှိသည် ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၈ အပိုဒ်ခွဲ (ခ) ရှိ စစ်ဆေးမေးမြန်းနိုင်သည် စကားရပ်ကို စစ်ဆေး မေးမြန်းခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ပါသည်။

(၂၆) အခန်း (၆)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ (က) ရှိ စစ်ဆေးရေးအရာရှိ တစ်ဦးဦးသည် စကားရပ် ကို စစ်ဆေးရေးအရာရှိသည် ဟုလည်းကောင်း၊ တရားစွဲဆိုနိုင်သည် စကားရပ်ကို တရားစွဲဆိုရမည် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၉ အပိုဒ်ခွဲ (ခ) ရှိ ထိုသို့ ပြစ်မှုကြောင်းအရ စကားရပ်ကို ပယ်ဖျက် ပါသည်။

(၂၈) အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၉ အပိုဒ်ခွဲ (ဂ) ရှိ ဦးစီးဌာန၊ ခရိုင်အဆင့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၉) အပိုဒ် ၂၀ ရှိ အခကြေးငွေ ပေးရန် စကားရပ်ကို အခကြေးငွေပေးချေရန်ဟု လည်းကောင်း၊ အခကြေးငွေပေးခြင်း စကားရပ်ကို အခကြေးငွေ ပေးချေခြင်းဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၀ အပိုဒ်ခွဲ (ဂ) ရှိ ပေးသည့် စကားရပ်ကို ပေးချေသည် ဟုလည်းကောင်း၊ လက်ခံယူရန် စကားရပ်ကို လက်ခံရယူရန် ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၂၁ ခြေဆင်းကို ပြန်လည်တောင်းခံသော အခကြေးငွေ သို့မဟုတ် ဖြတ်တောက်ထားသည့် အခကြေးငွေများနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စတစ်ရပ်ရပ်တွင် တရားစွဲဆိုခြင်းမပြုရ - ဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၂၁ အပိုဒ်ခွဲ (က) ကို စစ်ဆေးရေးအရာရှိထံသို့ လျှောက်ထားသည့် ကိစ္စ မပြီးပြတ်သေးခြင်း ဟု ပြင်ဆင်ပါသည်။

(၃၃) အခန်း (၇) အပိုဒ် ၂၂ ကို မည်သည့် အလုပ်ရှင်မျှ ပုဒ်မ ၄၊ ၅၊ ၈၊ ၉ နှင့် ၁၁ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၃ ကို အပိုဒ် ၂၂ တွင် တစ်ပေါင်းတည်း ပြင်ဆင်ထားပြီး ဖြစ်သဖြင့် ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၃၅) အပိုဒ် ၂၄ ကို အပိုဒ် ၂၃ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ နည်းဥပဒေများနှင့် အမိန့် စကားရပ်ကို နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့် ဟု ပြင်ဆင်ပါသည်။

(၃၆) အခန်း (၈) ခေါင်းစဉ်ကို ပြစ်မှုနှင့် ပြစ်ဒဏ်များ ဟု ပြင်ဆင်ပါသည်။

(၃၇) အခန်း (၈)၊ အပိုဒ် ၂၅ ကို အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၂ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၂၀ သိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့် အပြင် အလုပ်သမား ရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့်ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၂၆ ကို အပိုဒ် ၂၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၄ အရပြစ်မှု စီရင်ခြင်းခံရပြီး ထိုပြစ်မှုကိုပင် ထပ်မံ ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကို ထောင်ဒဏ် ခြောက်လထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ် ၅၀ သိန်း ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည့်အပြင် အလုပ်သမား ရရန်ရှိသည့် အခကြေးငွေကို အလုပ်သမားအား ပေးချေရန် အမိန့် ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၂၇ ကို အပိုဒ် ၂၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မ ၂၄ စကားရပ်ကို ပုဒ်မ ၂၃ ဟုလည်းကောင်း၊ ၁ သိန်း စကားရပ်ကို တစ်သိန်း ဟုလည်းကောင်း၊ ၅ သိန်း စကားရပ်ကို ငါးသိန်း ဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၄၀) အမျိုးသားလွှတ်တော်မှ ပယ်ဖျက်ထားသော အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၂၇ ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(၄၁) အခန်း (၉) အပိုဒ် ၂၈ နှင့် အပိုဒ် ၃၀ တို့ကို ပယ်ဖျက်ပါသည်။

(၄၂) အပိုဒ် ၂၉ ကို အပိုဒ် ၂၈ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်အောက် စကားရပ်ကို ဤဥပဒေ ပြဋ္ဌာန်းချက်ပါ အခွင့်အရေး တစ်ရပ်ရပ် အောက် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ အခကြေးငွေပေးရေးဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော အခကြေးငွေပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခကြေးငွေပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းကို ၄-၁၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီရဲ့တာဝန်ပေးချက်အရ လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု

ပြီးပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃-၁၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမား များ၏ အလုပ်လုပ်ချိန်သတ်မှတ်ရေး၊ လုပ်ခမှန်ကန်စွာရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဥပဒေပါရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရည်ရွယ်၍ ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၂-၂၀၁၅ ရက်နေ့နှင့် ၁၈-၁၂-၂၀၁၅ ရက်နေ့ တို့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များဖြစ်တဲ့ အမှတ်စဉ် ၁ မှ ၄၃ အထိဖြစ်ပြီး စာမျက်နှာ ၈ မျက်နှာပါ အစီရင်ခံစာနှင့် ကန့်လန့်ဖြတ်ဇယားတို့ကို လွှတ်တော်သို့ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ သို့ပါ၍ အချို့သော အချက်အလက်များကိုပါ လွှတ်တော်သို့ တင်ပြခြင်းကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) နှင့် အပိုဒ်ပေါင်း ၄၁ပိုဒ် ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၃၇) ချက်ကို သဘောတူလက်ခံပါသည်။

(၃) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဠ) ရှိ ညွှန်ကြားရေးမှူးချုပ် စကားရပ်ကို စစ်ဆေးရေး အရာရှိချုပ်ဟု ပြင်ဆင်ပါသည်။ အစီရင်ခံစာ၏

(၈) အခန်း (၄)၊ အပိုဒ် ၆ ကို အခန်း (၃)၊ အပိုဒ် ၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ် ခြေဆင်းကို စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထား သော အောက်ပါလုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်း လုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ပါသည်။ အစီရင်ခံစာ၏

(၉) အပိုဒ် ၅ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၅။ (ခ) တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ်လုပ်ကိုင်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအား ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆို တရားစွဲဆိုရန် စစ်ဆေးရေအရာရှိ တစ်ဦးဦးအား တရားစွဲဆို ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် တာဝန်ပေးအပ်ခြင်း။ အစီရင်ခံစာ၏

(၁၂) အခန်း (၅)၊ အပိုဒ် ၈ ကိုအခန်း (၄) တွင် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့် ည ၁၁ နာရီနှင့် နံနက် ငါးနာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန် တွင် ဆိုင်၌ ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှု ရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလအပိုင်းအခြား အတွင်းတွင် ရောင်းချဝန်ဆောင်မှု ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။ အစီရင်ခံစာ၏

(၁၃) အပိုဒ် ၉ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ အလုပ်ရှင်သည် -

(က) အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေးအခမဲ့ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ ကျန် အများပျော်ရွှင်ရေး အလုပ်ဌာနများကို နံနက် တစ်နာရီမှ နံနက် ငါးနာရီကြား ပိတ်ထားရမည်။

**မူကြမ်း**

( ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။ အစီရင်ခံစာ၏

(၁၄) ဥပဒေကြမ်း၏ အပိုဒ် ၁၀ အပိုဒ်ခွဲ (က) ကို အပိုဒ် ၉ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲအား ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄နာရီ ဖွင့်လှစ်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက် တောင်းခံရမည်ဟု ပြင်ဆင်ပါသည်။ အစီရင်ခံစာ၏ စာမျက်နှာ ၄၊ အပိုဒ် ၂၀။

(၂၀) ဥပဒေကြမ်း၏ အပိုဒ် ၁၅ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၄ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ တာဝန်ခံဆရာဝန် စကားရပ်ကို လက်မှတ်ထုတ်ပေးခွင့် ရှိသည့် တာဝန်ခံဆရာဝန် ဟုလည်းကောင်း၊ သို့သော် စကားရပ်ကို သို့ရာတွင် ဟုလည်းကောင်း၊ ဂဏန်းလို ၄ နာရီ စကားရပ်ကို စာသားဖြင့် လေးနာရီဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၄) ဥပဒေကြမ်း၏ အပိုဒ် ၁၈ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၇ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်း အပိုဒ်ခွဲရှိ ဤဥပဒေပါ သတ်မှတ်ချက်အတိုင်း အချိန်ပို အခကြေးငွေကို တွက်ချက်ရမည် စကားရပ်ကို သတ်မှတ်ချက်နှင့်အညီ အချိန်ပို အခကြေးငွေကို တွက်ချက်ပေးချေရမည်ဟု ပြင်ဆင်ပါသည်။

(၃၂) ပြန်လည်ပြင်ဆင်ထားသော အခန်း (၈) တွင် အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၂၅။ ဥပဒေကြမ်း၏ အပိုဒ် ၂၅ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည်။

(၃၃) ဥပဒေကြမ်း၏ အပိုဒ် ၂၆ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀၊ နှင့် ပုဒ်မ ၁၂ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၄) ဥပဒေကြမ်း၏ အပိုဒ် ၂၇ ကို မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၂၈ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၈ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများ ဆုံးကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၆) ဥပဒေကြမ်း၏ အပိုဒ် ၂၉ ကို မည်သည့် အလုပ်သမားမဆို ပုဒ်မ ၁၈ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၃၀ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၅ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင် ပါသည်။

(၄၁) ဥပဒေကြမ်း၏ အပိုဒ် ၃၃ အပိုဒ်ခွဲ (ဂ) အပိုဒ် ၃၂ အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သောပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့်အခါမှတစ်ပါး မည်သည့် တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ ဟု ပြင်ဆင်ပါသည်။

(၄၂) ဥပဒေကြမ်း၏ အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်သော ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင်မဟုတ်သော ကုမ္ပဏီ ဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အစုစပ်ပါဝင်သူ

**မူကြမ်း**

တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ် သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထိုဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ်ပါဝင်သူအဖြစ်မှ ရပ်စဲခြင်း မပြုမီသော်လည်းကောင်း ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ် ဌာနများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃-၁၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ ဆိုင်များနှင့် အလုပ်ဌာနများရှိ အလုပ်သမားများ၏ အလုပ်လုပ်ချိန် သတ်မှတ်ရေး၊ လုပ်ခမှန်ကန်စွာရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ဥပဒေပါ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ရည်ရွယ်၍ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိ ရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၂-၂၀၁၅ ရက်နေ့နှင့် ၁၈-၁၂-၂၀၁၅ ရက်နေ့တို့တွင် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ

ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

( ၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၉) နှင့် အပိုဒ်ပေါင်း ၄၁ပိုဒ် ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် အချက် (၃၇) ချက် ကို သဘောတူလက်ခံပါသည်။

( ၃) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ (ဠ) ရှိ ညွှန်ကြားရေးမှူးချုပ် စကားရပ်ကို စစ်ဆေးရေး အရာရှိချုပ် ဟု ပြင်ဆင်ပါသည်။

( ၄) အခန်း (၃) ခေါင်းစဉ်အား ပယ်ဖျက်ပါသည်။

( ၅) အခန်း (၃)၊ ပုဒ်မ ၅ ခြေဆင်းနှင့် အပိုဒ် ၅ အပိုဒ်ခွဲ (က) တို့ကို ပယ်ဖျက်ပါသည်။

( ၆) အခန်း (၅)၊ အပိုဒ် ၅ အပိုဒ်ခွဲ (ခ) ကို ပြန်လည် အမှတ်စဉ်ထားသည့် အပိုဒ် ၅ အပိုဒ်ခွဲ (က) အဖြစ် ပြောင်းလဲ အမှတ်စဉ် ပါသည်။

( ၇) အခန်း (၄) ခေါင်းစဉ်ကို အဆိုပြုပြဋ္ဌာန်းချက် ဖြစ်သည့် အခန်း (၃) အဖြစ် ပြန်လည် ပြင်ဆင် ပါသည်။

( ၈) အခန်း (၄)၊ အပိုဒ် ၆ ကို အခန်း (၃)၊ အပိုဒ် အပိုဒ် ၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ် ခြေဆင်းကို စစ်ဆေးရေးအရာရှိချုပ်သည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော အောက်ပါလုပ်ပိုင်ခွင့်များအပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စစ်ဆေးရေးအရာရှိ၏ လုပ်ပိုင်ခွင့်များကို သုံးစွဲဆောင်ရွက်နိုင်သည် - ဟု ပြင်ဆင် ပါသည်။

( ၉) အပိုဒ် ၅ အပိုဒ်ခွဲ (ခ) နှင့် အပိုဒ်ခွဲ (ဂ) တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက် ပါသည် -

၅။ (ခ) တစ်ရက်လျှင် ၂၄ နာရီ ဖွင့်လှစ် လုပ်ကိုင်ရန် လိုအပ်သည့် ဆိုင်၊ အလုပ်ဌာန နှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများအား ခွင့်ပြုမိန့် ထုတ်ပေးခြင်း၊

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သူ မည်သူကိုမဆို တရားစွဲဆိုရန် စစ်ဆေးရေးအရာရှိ တစ်ဦးဦးအား တရားစွဲဆို ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် တာဝန် ပေးအပ်ခြင်း။

(၁၀) အပိုဒ် ၇ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၆ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲများရှိ ၂ ဦး ဆိုသည့် စကားရပ်များကို နှစ်ဦး ဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း (၅) အား အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အခန်း (၄) အဖြစ် ပြင်ဆင်ပါသည်။

(၁၂) အခန်း (၅)၊ အပိုဒ် ၈ကိုအခန်း (၄) တွင် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇။ အလုပ်ရှင်သည် -

(က) ဆိုင်နှင့် ကုန်သွယ်အလုပ်ဌာနများကို သာမန်အားဖြင့်ည ၁၁ နာရီနှင့် နံနက် ငါးနာရီကြား ပိတ်ထားရမည်။ သို့ရာတွင် ည ၁၁ နာရီအချိန်တွင် ဆိုင်၌ ဝယ်ယူရန် စောင့်ဆိုင်းနေသူအား သို့မဟုတ် ဝန်ဆောင်မှု ရယူနေသူအား အဆိုပါ အချိန်ကုန်လွန်ပြီးနောက် တစ်ဆက်တည်းဖြစ်သော မိနစ် ၃၀ ကာလအပိုင်းအခြားအတွင်းတွင် ရောင်းချဝန်ဆောင်မှု ပေးနိုင်သည်။

( ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

(၁၃) အပိုဒ် ၉ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၈။ အလုပ်ရှင်သည် -

(က) အများပျော်ရွှင်ရေး အလုပ်ဌာနပါ ဇာတ်ရုံ၊ ဖျော်ဖြေပွဲများနှင့် ဝင်ကြေး အခမဲ့ဗလာပွဲများ ကျင်းပသည့် နေရာများမှလွဲ၍ ကျန် အများ ပျော်ရွှင်ရေး အလုပ်ဌာနများကို နံနက် တစ်နာရီမှ နံနက် ငါးနာရီကြား ပိတ်ထားရမည်။

( ခ) ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်း မပြုရ။

(၁၄) အပိုဒ် ၁၀ အပိုဒ်ခွဲ (က) ကို အပိုဒ် ၉ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲ အား ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များမှအပ လုပ်ငန်းသဘာဝအရ တစ်ရက်လျှင် ၂၄နာရီ

**မူကြမ်း**

ဖွင့်လှစ်ရန်လိုအပ်သည့် ဆိုင်၊ အလုပ်ဌာနနှင့် အများပျော်ရွှင်ရေး အလုပ်ဌာနများ အတွက် ဦးစီးဌာနသို့ ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည် ဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၁၁ ကို အပိုဒ် ၁၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ၁ ရက် စကားရပ် ကို တစ်ရက် ဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၁၁ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၀ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ အဝေးပြေး ကာဂိတ်၊ ဘူတာရုံများရှိ ဆိုင် စကားရပ်ကို အဝေးပြေးကားဂိတ်နှင့် ဘူတာရုံများရှိ ဆိုင် ဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၁၂ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၁ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ၈ နာရီ စကားရပ်များကို ရှစ်နာရီ ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၃ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၂ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ၄ နာရီ စကားရပ်များကို လေး နာရီ ဟုလည်းကောင်း ၁ နာရီ စကားရပ်ကို တစ်နာရီ ဟုလည်းကောင်း၊ ၁ ရက် စကားရပ်ကို တစ်ရက် ဟုလည်းကောင်း အသီးသီး ပြင်ဆင် ပါသည်။

(၁၉) အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခု၌ စကားရပ်ကို ဆိုင်တစ်ခုခု၌ဖြစ်စေ၊ အလုပ်ဌာနတစ်ခုခု၌ ဖြစ်စေ ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၁၅ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၄ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ တာဝန်ခံဆရာဝန် စကားရပ်ကို လက်မှတ်ထုတ်ပေးခွင့်ရှိသည့် တာဝန်ခံ ဆရာဝန် ဟု လည်းကောင်း၊ သို့သော် စကားရပ်ကို သို့ရာတွင် ဟုလည်းကောင်း၊ ၄ နာရီ စကားရပ်ကို လေးနာရီ ဟု လည်းကောင်း ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၁၅ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၁၄ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းပိုဒ်ခွဲရှိ ၆ နာရီ စကားရပ်များကို ခြောက်နာရီ ဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၁၆ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၅ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ၁ ရက် စကားရပ်များကို တစ်ရက် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၃) အပိုဒ် ၁၇ ကို အပိုဒ် ၁၆ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ၇ ရက် စကားရပ်ကို ခုနစ်ရက် ဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၈ အပိုဒ်ခွဲ (က) ကို အပိုဒ် ၁၇ အပိုဒ်ခွဲ (က) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဤဥပဒေပါ သတ်မှတ်ချက်အတိုင်း အချိန်ပိုအခကြေးငွေကို တွက်ချက်ရမည် စကားရပ်ကို သတ်မှတ်ချက်နှင့်အညီ အချိန်ပို အခကြေးငွေကို တွက်ချက်ပေးချေရမည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၈ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၁၇ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ တွက်ချက်ပေးခြင်း စကားရပ်ကို ထွက်ချက်ပေးချေခြင်း ဟု ပြင်ဆင်ပါသည်။

(၂၆) အခန်း (၆) နှင့် အခန်း (၇) တို့ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အခန်း (၅) နှင့် အခန်း (၆) အဖြစ် အသီးသီး ပြင်ဆင်ပါသည်။

(၂၇) အခန်း (၇)၊ အပိုဒ် ၂၁ ကို အခန်း (၆)၊ အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ဆိုင် နှင့် အလုပ်ဌာန တစ်ခုခုကို စကားရပ်ကို ဆိုင် သို့မဟုတ် အလုပ်ဌာနတစ်ခုခုကို ဟု ပြင်ဆင်ပါသည်။

(၂၈) အခန်း (၆)၊ အပိုဒ် ၂၂ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၂၁ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဆိုင်နှင့်အလုပ်ဌာနတစ်ခုခု၌ စကားရပ်ကို ဆိုင် သို့မဟုတ် အလုပ်ဌာန တစ်ခုခု၌ ဟု ပြင်ဆင်ပါသည်။

(၂၉) အခန်း (၈) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အခန်း (၇) အဖြစ် ပြင်ဆင်ပါသည်။

(၃၀) အခန်း (၈)၊ အပိုဒ် ၂၅ ကို အခန်း (၇) အပိုဒ် ၂၄ အဖြစ် ပြင်ဆင်ပြီး၊ ယင်း အပိုဒ်ရှိ ဆိုင် နှင့် အလုပ်ဌာန စကားရပ်ကို ဆိုင် သို့မဟုတ် အလုပ်ဌာန ဟု ပြင်ဆင်ပါသည်။

(၃၁) အခန်း (၉) ကို အဆိုပြုပြဋ္ဌာန်းချက်အတိုင်း အခန်း (၈) အဖြစ် ပြင်ဆင်ပါသည်။

(၃၂) ပြန်လည်ပြင်ဆင်ထားသော အခန်း (၈) တွင် အပိုဒ် ၂၅ အဖြစ် အောက်ပါအတိုင်း အသစ် ဖြည့်စွက်ပါသည် -

၂၅။ မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ် ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ် ချမှတ်ရမည်။

(၃၃) အပိုဒ် ၂၆ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၉၊ ၁၀၊ နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က)တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁၀ သိန်း မှ အများဆုံး ကျပ် သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၇ ကို မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၃ နှင့် ၁၄တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါ သည်။

(၃၅) အပိုဒ် ၂၈ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၁၅၊ ၁၆ နှင့် ၁၈ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ အ နည်းဆုံး ကျပ်သိန်း ၃၀ မှ အများ ဆုံးကျပ် ၇၅ သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၂၉ ကို မည်သည့်အလုပ်သမားမဆို ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံး လ ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၃၀ ကို မည်သည့် အလုပ်ရှင်မဆို ပုဒ်မ ၂၁၊ ၂၂ နှင့် ၂၅ တို့ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ပါ သည်။

**မူကြမ်း**

(၃၈) အခန်း (၁၀) ခေါင်းစဉ်ကို အခန်း (၉)အထွေထွေ ဟု ပြင်ဆင်ပါသည်။

(၃၉) အခန်း (၉)၊ အပိုဒ် ၃၂ နှင့် အပိုဒ် ၃၅ တို့ကို ပယ်ဖျက်ပါသည်။

(၄၀) အပိုဒ် ၃၃ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ကို အပိုဒ် ၃၂ အပိုဒ်ခွဲ (က) နှင့် (ခ) တို့အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ်ခွဲ (က) ရှိ ၃ လ စကားရပ်ကို သုံးလ ဟု လည်းကောင်း၊ အပိုဒ်ခွဲ (ခ) ရှိ တရားစွဲဆိုနိုင်သည် စကားရပ်ကို တရားစွဲဆိုရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၃၃ အပိုဒ်ခွဲ (ဂ) အပိုဒ် ၃၂ အပိုဒ်ခွဲ (ဂ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဤဥပဒေအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို စစ်ဆေးရေးအရာရှိက တိုင်တန်းသည့် အခါမှတစ်ပါး မည်သည့် တရားရုံးကမျှ အရေးယူပိုင်ခွင့်မရှိစေရ ဟု ပြင်ဆင် ပါသည်။

(၄၂) အပိုဒ် ၃၇ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၅ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဆိုင် သို့မဟုတ် အလုပ်ဌာနသည် အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာ အဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ၊ အများပိုင် မဟုတ်သောကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးဦးကို ဖြစ်စေ၊ အစုစပ်ပါဝင်သူ တစ်ဦးဦးကိုဖြစ်စေ အလုပ်ရှင်အဖြစ် သတ်မှတ်၍ ဤဥပဒေအရ တရားစွဲဆိုနိုင်သည်။ ထို့ပြင် ထို ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် မိမိအား အမည်တင်သွင်းခြင်းကို ပယ်ဖျက်သည့် အကြောင်းကြားစာကို စစ်ဆေးရေးအရာရှိက မရမီသော်လည်းကောင်း၊ အစုစပ် ပါဝင်သူအဖြစ်မှ ရပ်စဲခြင်းမပြုမီသော်လည်းကောင်း ဥပဒေပါကိစ္စများအလို့ငှာ အလုပ်ရှင်ဖြစ်သည်ဟူ၍ မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၄၀ အပိုဒ်ခွဲ (ခ) ကို အပိုဒ် ၃၈ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဦးစီးဌာနသည် စကားရပ်ကို ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**မူကြမ်း**

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် မိမိတို့ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၄-၁၂-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာ ပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံ ကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီရှင်။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ပါပြီရှင်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ကို ၁၀း၄၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**